# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၃၅ /၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်**

**( ၂၀၂၃ ခုနှစ် ၊ မေလ ၁၀ ရက် )**

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်** ဆိုသည်မှာ ကုန်သွယ်မှုပြုလုပ်ရန် ရည်ရွယ်၍ ကုန်ပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကိုလည်းကောင်း၊ နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်ရန် ဤအမိန့်အရ ကုန်သွယ်ရေးဦးစီးဌာနက ခွင့်ပြုထုတ်ပေးသည့် လုပ်ငန်းရှင်မှတ်ပုံတင်ကိုဆိုသည်။

(ခ) **ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်** ဆိုသည်မှာ ကုန်သွယ်မှုပြုလုပ်ရန်မဟုတ်သည့် ကုန်ပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကိုလည်းကောင်း၊ နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကိုလည်းကောင်းဆောင်ရွက်နိုင်ရန် ဤအမိန့်အရကုန်သွယ်ရေးဦးစီးဌာနက ခွင့်ပြုထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင်ကို ဆိုသည်။

(ဂ) **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်** ဆိုသည်မှာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက် ကိုယ်စား ပို့ကုန်သွင်းကုန်ဆိုင်ရာ ရုံးလုပ်ငန်းစဉ်များကို ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးသော စိစစ်ရေးကတ်ကို ဆိုသည်။

### ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ

၂။ ကုန်သွယ်မှုပြုရန် ရည်ရွယ်၍ ကုန်ပစ္စည်းကို တင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် အောက်ဖော်ပြပါ ကုမ္ပဏီနှင့်အသင်းလီမိတက်များသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည် -

(က) ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) တို့အရ ဖွဲ့စည်းတည်ထောင်သည့် ကုမ္ပဏီများ၊

(ခ) သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် သမဝါယမအသင်း လီမိတက်များ၊

## ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ

၃။ ကုန်သွယ်မှုပြုလုပ်ရန်မဟုတ်သည့် ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသည့် အောက်ပါအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်အား ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊

(ဂ) သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ၊

(ဃ) ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် သံတမန်များ။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိသူများ၏ရပိုင်ခွင့်

၄။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် အောက်ပါ ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်သည် -

(က) ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ဒေသရှိ သတ်မှတ်ထားသောကုန်သွယ်ရေး စခန်းများမှ ပုံမှန်ကုန်သွယ်မှုစနစ် (Conventional Trade) ဖြင့် ဖြစ်စေ၊ နယ်စပ် ကုန်သွယ်မှုစနစ် (Border Trade) ဖြင့် ဖြစ်စေ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ကုန်ပစ္စည်းတင်ပို့ခွင့် သို့မဟုတ် တင်သွင်းခွင့်၊

(ခ) သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအရ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများမှအပ ကျန် ကုန်ပစ္စည်းများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တင်ပို့ခွင့် သို့မဟုတ် တင်သွင်းခွင့်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားရာတွင် တင်ပြရမည့် အထောက်အထားများ

၅။ ကုမ္ပဏီသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားရာတွင် အောက်ပါ အထောက်အထားများဖြင့် တင်ပြလျှောက်ထားရမည်-

(က) ကုမ္ပဏီ၏ ဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ လိပ်စာနှင့် ကုမ္ပဏီအမည် တို့ ပါရှိသည့် ခေါင်းစီးတံဆိပ် (Letter Head) ပါ လျှောက်လွှာနှင့် ကိုယ်စားပြုလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ်(Passport)မိတ္တူ၊

(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီ၏အချက်အလက်များ (Company Extract) (အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက လုပ်ငန်း စတင်ဆောင်ရွက်ခွင့် လက်မှတ်)၊

(ဂ) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ပတ်စ်ပို့ဓာတ်ပုံ၊ လက်မှတ်ရေးထိုးမှု ပါဝင်သည့် ကုမ္ပဏီဒါရိုက်တာစာရင်းနှင့် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ်(Passport)မိတ္တူ၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ပြည်ပမှ ရင်းနှီးငွေလွှဲပြောင်းထည့်ဝင်ပေးပို့မှု အထောက်အထား (Capital Brought In, Bank Statement) မိတ္တူ၊

(င) လုပ်ငန်းအလိုက် လိုအပ်ပါက အောက်ပါလုပ်ငန်းခွင့်ပြုမိန့်များ ပူးတွဲတင်ပြရမည် -

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများအတွက် ယင်းခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်မိတ္တူ၊

(၂) အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများအတွက် ယင်းခွင့်ပြုမိန့်မိတ္တူ၊

၆။ သမဝါယမအသင်းလီမိတက်သည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားရာတွင် အောက်ပါအထောက်အထားများဖြင့် တင်ပြလျှောက်ထားရမည် -

(က) သမဝါယမအသင်းလီမိတက်၏ ဆက်သွယ်ရမည့် ဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ လိပ်စာ၊ အမည်နှင့် ဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်တို့ ပါရှိသည့် ခေါင်းစီးတံဆိပ် (Letter Head )ပါ လျှောက်လွှာနှင့် ကိုယ်စားပြုလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(ခ) သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ၊

(ဂ) သမဝါယမအသင်းလီမိတက်၏ မှတ်ပုံတင်လက်မှတ်မိတ္တူ၊

(ဃ) သမဝါယမအသင်းလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များစာရင်းနှင့် ဓာတ်ပုံပါဇယား။

၇။ အပိုဒ် ၃ ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ၊ ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် သံတမန်များသည် ပို့ကုန်သွင်းကုန်လုပ်ငန်းစဉ်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်ကို အောက်ပါအထောက်အထားများဖြင့် လျှောက်ထားနိုင်သည် -

(က) သက်ဆိုင်ရာဌာန၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လျှောက်လွှာ၊

(ခ) အသင်းအဖွဲ့ဖြစ်ပါက သက်ဆိုင်ရာအသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်မိတ္တူ၊

(ဂ) ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်ဖြစ်ပါက ဘာသာရေးဆိုင်ရာဌာန သို့မဟုတ် အသင်းအဖွဲ့များ၏ ထောက်ခံချက်နှင့် သာသနာ့ဝင်စိစစ်ရေးကတ်မိတ္တူ၊

(ဃ) သံတမန်ဖြစ်ပါက နိုင်ငံကူးလက်မှတ် (Passport) မိတ္တူ၊

( င ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ လူပုဂ္ဂိုလ်နှင့် သံတမန်များ၏ ကိုယ်စားလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး**

၈။ ကုမ္ပဏီအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းကာလသည် စတင်ခွင့်ပြုသည့်နေ့မှ ငါးနှစ်ဖြစ်ပြီး မှတ်ပုံတင်ကြေးမှာ ကျပ်နှစ်သိန်း (၂၀၀,၀၀၀/-) ဖြစ်သည်။

၉။ (က) သမဝါယမအသင်းလီမိတက်အတွက် သမဝါယမအသင်းလီမိတက် မှတ်ပုံတင်ပါ သက်တမ်းသည် ငါးနှစ်အောက်ဖြစ်ပါက ယင်းသက်တမ်းအတိုင်းခွင့်ပြုပြီး ငါးနှစ်အထက်ဖြစ်ပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းကို ငါးနှစ်သာ ခွင့်ပြုမည်။

( ခ ) သမဝါယမအသင်းလီမိတက်များ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်း ကာလအလိုက် မှတ်ပုံတင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (ကက) | တစ်နှစ် အထိ | ၅၀,၀၀၀ ကျပ် |
| ( ခခ ) | နှစ်နှစ် အထိ | ၁၀၀,၀၀၀ ကျပ် |
| ( ဂဂ ) | သုံးနှစ် အထိ | ၁၅၀,၀၀၀ ကျပ် |
| (ဃဃ) | သုံးနှစ်အထက်မှ ငါးနှစ်အထိ | ၂၀၀,၀၀၀ ကျပ် |

၁၀။ အပိုဒ် ၃ ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသောအသင်းအဖွဲ့များ၊ ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် သံတမန်များ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင် သက်တမ်းမှာ တစ်နှစ်ဖြစ်ပြီး မှတ်ပုံတင်ကြေးကို ကင်းလွတ်ခွင့်ပြုသည်။

**သက်တမ်းတိုးလျှောက်ထားခြင်းနှင့် သက်တမ်းတိုး မှတ်ပုံတင်ကြေး**

၁၁။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရာတွင် အောက်ပါအထောက်အထားများဖြင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်-

(က) ကုမ္ပဏီသည် ကုမ္ပဏီ၏ ခေါင်းစီးတံဆိပ် (Letter Head)ပါ လျှောက်လွှာနှင့် ကိုယ်စားပြု လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ သို့မဟုတ် နိုင်ငံကူး လက်မှတ် (Passport) မိတ္တူ၊

( ခ ) သမဝါယမအသင်းလီမိတက်သည် -

(၁) သမဝါယမအသင်းလီမိတက်၏ခေါင်းစီးတံဆိပ် (Letter Head) ပါ လျှောက်လွှာနှင့် ကိုယ်စားပြုလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(၂) သမဝါယမအသင်းလီမိတက်မှတ်ပုံတင်ကို သက်တမ်းတိုးခွင့်ပြုသည့် သမဝါယမ ဦးစီးဌာန၊ ညွန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ၊

( ဂ ) အပိုဒ် ၃ ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ၊ ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် သံတမန်များသည် သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့၏ ခေါင်းစီးတံဆိပ် (Letter Head) ပါ လျှောက်လွှာနှင့် ကိုယ်စားပြုလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ် (Passport) မိတ္တူ။

၁၂။ ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်သည် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားမှုကို သက်တမ်းကာလကုန်ဆုံးမည့်နေ့မတိုင်မီ ခြောက်လကြိုတင်၍ ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်သည်။

၁၃။ ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်၏ မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် သက်တမ်းကာလနှင့် သက်တမ်းတိုးကြေးသည် အပိုဒ် ၈ နှင့် ၉ တို့၌ သတ်မှတ်ထားသော မှတ်ပုံတင်သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေးများအတိုင်း ဖြစ်သည်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသောအသင်းအဖွဲ့များ၊ ဘာသာရေးဆိုင်ရာလူပုဂ္ဂိုလ်များနှင့် သံတမန်များ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် သက်တမ်းကာလမှာ တစ်နှစ်ဖြစ်ပြီး သက်တမ်းတိုးကြေးကို ကင်းလွတ်ခွင့်ပြုသည်။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင်ပါ အချက်အလက်များကို ပြင်ဆင်ခွင့် လျှောက်ထားခြင်းနှင့် ဝန်ဆောင်ခနှုန်းထား**

၁၄။ ကုမ္ပဏီသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ပြင်ဆင်ခွင့်လျှောက်ထားရာတွင် အောက်ပါအထောက်အထားများဖြင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် -

(က) ပြင်ဆင်လိုသည့်အချက်များ ဖော်ပြထားသည့် ကုမ္ပဏီ၏ ခေါင်းစီးတံဆိပ် (Letter Head) ပါ လျှောက်လွှာနှင့် ကိုယ်စားပြုလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ် (Passport) မိတ္တူ၊

( ခ ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီ၏အချက်အလက်များ (Company Extract) (အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ပါက လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်)၊

( ဂ ) လုပ်ငန်းအမျိုးအစား ပြင်ဆင်မှုအတွက် လျှောက်ထားခြင်းဖြစ်လျှင် အောက်ပါ လုပ်ငန်းခွင့်ပြုမိန့် တစ်ခုခု -

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများအတွက် ယင်းခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် မိတ္တူ၊

(၂) အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများအတွက် ယင်းခွင့်ပြုမိန့်မိတ္တူ၊

(၃) လက်လီလက်ကားရောင်းချခွင့် မှတ်ပုံတင်ရရှိပြီးသော ကုမ္ပဏီများအတွက် လက်လီလက်ကားရောင်းချခွင့် မှတ်ပုံတင်၊

(ဃ) ဒါရိုက်တာအဖွဲ့ဝင် အမည်ပြောင်းလဲ ပြင်ဆင်မှုအတွက် လျှောက်ထားခြင်းဖြစ်လျှင် -

(၁) အမည်၊ ရာထူး၊ လိပ်စာ၊ ပတ်စ်ပို့ဓာတ်ပုံနှင့် လက်မှတ်ရေးထိုးမှုပါဝင်သည့် ဒါရိုက်တာစာရင်းပုံစံ (Director List)၊

(၂) ပြောင်းလဲမည့် ဒါရိုက်တာများ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ် (Passport)မိတ္တူ။

၁၅။ သမဝါယမအသင်းလီမိတက်သည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ပြင်ဆင်ခွင့် လျှောက်ထားရာတွင် အောက်ပါအချက်အလက် အထောက်အထားများဖြင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် -

(က) ပြင်ဆင်လိုသည့်အချက်များ ဖော်ပြထားသည့် သမဝါယမအသင်းလီမိတက်၏ ခေါင်းစီးတံဆိပ် (Letter Head)ပါ လျှောက်လွှာနှင့် ကိုယ်စားပြု လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

( ခ ) သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ။

၁၆။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ၊ ဘာသာရေးဆိုင်ရာလူပုဂ္ဂိုလ်များနှင့် သံတမန်များ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်ကို ပြင်ဆင်ခွင့်လျှောက်ထားရာတွင် သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များ၏ ထောက်ခံချက်ဖြင့် တင်ပြလျှောက်ထားနိုင်သည်။ မှတ်ပုံတင်ပြင်ဆင်ကြေးကို ကင်းလွတ်ခွင့်ပြုသည်။

၁၇။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပါ အချက်အလက်များအနက်မှ တစ်မျိုးမျိုးကို ပြင်ဆင်လိုပါက ပြင်ဆင်ချက်တစ်မျိုးစီအတွက် ဝန်ဆောင်ခနှုန်းထားမှာ ၁၀,၀၀၀ ကျပ် ဖြစ်ပါသည်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်လျှောက်ထားခြင်း

၁၈။ ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်သည် ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာ ရုံးကိစ္စကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်တစ်ခုလျှင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်ကို အများဆုံး (၅) ခု အထိ လျှောက်ထားထုတ်ယူနိုင်သည်။ လျှောက်ထားရာတွင် အောက်ပါအထောက်အထားများဖြင့် တင်ပြရမည် -

(က) ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်၏ လျှောက်လွှာ၊

(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် သို့မဟုတ် သမဝါယမအသင်းမှတ်ပုံတင်လက်မှတ်မိတ္တူ၊

(ဂ) ကိုယ်စားပြုလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၁၉။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်အတွက် ကတ် (၁) ခု လျှင် ၁၀,၀၀၀ ကျပ်နှုန်း ကုန်သွယ်ရေးဦးစီးဌာနသို့ ပေးသွင်းရမည်။ အများဆုံးကတ် (၅) ခု အထိ ထုတ်ယူနိုင်သည်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင် လျှောက်ထားနိုင်သည့်စနစ်

၂၀။ အပိုဒ် ၅၊ ၆ နှင့် ၇ တို့အရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း၊ အပိုဒ် ၁၁ အရ သက်တမ်းတိုးလျှောက်ထားခြင်း သို့မဟုတ် အပိုဒ် ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပြင်ဆင်ခွင့်လျှောက်ထားခြင်း ပြုလုပ်လိုသူသည် Myanmar Tradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားနိုင်သည်။

၂၁။ Myanmar Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း တို့အတွက် သတ်မှတ်ကြေးများနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခ ၃,၀၀၀ ကျပ် ပေးသွင်းခြင်းကို အွန်လိုင်းငွေကြေးပေးသွင်းမှုစနစ်ဖြင့်သာ ဆောင်ရွက်ရမည်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုခြင်း

၂၂။ ကုန်သွယ်ရေးဦးစီးဌာနသည် အပိုဒ် ၅၊ ၆ နှင့် ၇ တို့အရ လျှောက်ထားလာသော အထောက်အထားနှင့် အချက်အလက်များအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ စိစစ်သုံးသပ်ခြင်းတို့ပြုလုပ်ပြီး ပြည့်စုံမှန်ကန်မှုရှိပါက အလုပ်လုပ်ရက် (၁၅) ရက်အတွင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/ လုပ်ငန်းမှတ်ပုံတင်ကို ခွင့်ပြုရမည်။

၂၃။ ကုန်သွယ်ရေးဦးစီးဌာနသည် အပိုဒ် ၁၁၊ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ လျှောက်ထားလာသော အထောက်အထားနှင့် အချက်အလက်များအား စိစစ်သုံးသပ်၍ ပြည့်စုံမှန်ကန်မှုရှိပါက အလုပ်လုပ်ရက် (၃) ရက်အတွင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ခြင်းကို ခွင့်ပြုရမည်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် အပ်နှံခြင်းနှင့် ပယ်ဖျက်ခြင်း

၂၄။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ရရှိထားသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်သည် လုပ်ငန်း ဆက်လက်ဆောင်ရွက်လိုခြင်း မရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား ကုန်သွယ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံနိုင်သည်။

၂၅။ သက်တမ်းကုန်ဆုံးပြီး တစ်နှစ်အတွင်း သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်ကာလ တစ်နှစ်ပြည့်မြောက်ချိန်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ပယ်ဖျက်ခြင်းခံရမည်။

## လျှောက်ထားရာတွင် လိုက်နာရမည့်သတ်မှတ်ချက်များ

၂၆။ ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်သည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားရာတွင်လည်းကောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိပြီး မှတ်ပုံတင်အားပြင်ဆင်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း လျှောက်ထားရာတွင်လည်းကောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်-

(က) နိုင်ငံတော်အတွင်းတွင် တည်ထောင်ထားသော ကုမ္ပဏီသည် ရုံးခွဲများ မည်မျှပင် ဖွင့်လှစ်ထားရှိစေကာမူ ပင်ရင်းကုမ္ပဏီမှအပ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားခြင်း မပြုရ၊

(ခ) နိုင်ငံတော်ပြင်ပတွင် တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး မြန်မာကုမ္ပဏီများဥပဒေအရ နိုင်ငံတော်အတွင်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပါက ရုံးခွဲများမည်မျှပင်ဖွင့်လှစ်ထားရှိစေကာမူ ရုံးခွဲတစ်ခုထက်ပို၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားခြင်းမပြုရ၊

(ဂ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားခြင်း၊ ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်းများ ပြုလုပ်ရာတွင် မမှန်မကန်တင်ပြခြင်း၊ ထိန်ချန်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတုအပပြုလုပ်ခြင်းများ မပြုရ၊

(ဃ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက် တစ်ခုခုကဖြစ်စေ၊ ယင်းသို့ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့်ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ပါဝင်နေသော ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက် တစ်ခုခုကဖြစ်စေ အရေးယူခံရသည့် ကာလအတွင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပြင်ဆင်လျှောက်ထားခြင်း ခွင့်မပြု။

၂၇။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သို့မဟုတ် ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင် ရရှိပြီးသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးသည် ဤအမိန့်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ငန်းရပ်များနှင့်သက်ဆိုင်သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များပါ သတ်မှတ်ချက် တစ်ခုခုကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်း မပြုရ။

## လျှောက်ထားမှုကို ငြင်းပယ်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

၂၈။ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးက အပိုဒ် ၅၊ ၆ နှင့် ၇ ပါ တင်ပြသည့် အထောက်အထား အချက်အလက်များ မှန်ကန်မှုမရှိခြင်း သို့မဟုတ် အပိုဒ် ၂၆၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)နှင့် (ဃ) တို့ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာမှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်/ လုပ်ငန်းမှတ်ပုံတင် လျှောက်ထားခြင်းကို ငြင်းပယ်နိုင်သည်။

၂၉။ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို သက်တမ်းတိုးရန်နှင့် ပြင်ဆင်ရန်လျှောက်ထားသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်က အပိုဒ် ၂၆ ၊ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့ပါ သတ်မှတ်ချက်များကို လိုက်နာမှုမရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကို ပယ်ဖျက်နိုင်သည်။

၃၀။ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သို့မဟုတ် ပို့ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင် ရရှိထားသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် တစ်ဦးဦးက အပိုဒ် ၂၇ ပါ သတ်မှတ်ချက်များကို လိုက်နာမှုမရှိပါက စည်းကမ်းချက်ချိုးဖောက်မှုအပေါ် မူတည်၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/ လုပ်ငန်းမှတ်ပုံတင်ကို အနည်းဆုံး (၃) လမှ (၁) နှစ်ထိ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အယူခံခြင်း

၃၁။ အပိုဒ် ၂၈၊ ၂၉ နှင့် ၃၀ တို့အရ မှတ်ပုံတင်လျှောက်ထားမှုကို ငြင်းပယ်ခြင်း သို့မဟုတ် မှတ်ပုံတင်ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ပယ်ဖျက်ခြင်းခံရသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းသို့ ငြင်းပယ်ခံရမှု သို့မဟုတ် အရေးယူခံရမှုအပေါ် ကျေနပ်မှုမရှိပါက ကုန်သွယ်ရေးဦးစီးဌာန၏ အကြောင်းကြားသည့် နေ့ရက်မှစတင်၍ ရက်ပေါင်း (၃၀) အတွင်း အယူခံလွှာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်။

၃၂။ အယူခံနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၃။ ကုန်သွယ်ရေးဦးစီးဌာန၏ စိစစ်တွေ့ရှိချက်အရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ရရှိသူ၏ကုန်သွယ်မှုဆောင်ရွက်ချက်များသည် အများပြည်သူအကျိုးမှ သွေဖည်ဆောင်ရွက်နေကြောင်း ပေါ်ပေါက်ပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီသည် အဆိုပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ယာယီ ရပ်ဆိုင်းရန် သို့မဟုတ် ပယ်ဖျက်ရန် ဆုံးဖြတ်နိုင်သည်။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား ပြန်လည်လျှောက်ထားခွင့်ပြုခြင်း**

၃၄။ အပိုဒ် ၂၉ နှင့် ၃၀ အရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်ကို ယာယီရပ်ဆိုင်းခြင်းခံရသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အရေးယူမှုကာလ ကုန်ဆုံးခြင်း သို့မဟုတ် အရေးယူမှုမှ လွတ်ကင်းခြင်းကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်း မှတ်ပုံတင်အား ပြန်လည်ခွင့်ပြုရန် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(က) အရေးယူမှုကာလ ကုန်ဆုံးကြောင်း သို့မဟုတ် အရေးယူမှုမှ လွတ်ကင်းကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက် တင်ပြရန်၊

(ခ) အရေးယူခံရသည့် အရေအတွက်အပေါ် မူတည်၍ အောက်ပါဒဏ်ကြေးများအား ပေးဆောင်ရန်-

| | | |
|---|---|---|
| (၁) | အရေးယူခံရမှု တစ်ခုဖြစ်ပါက ဒဏ်ကြေးငွေ | ၂၀၀,၀၀၀ ကျပ် |
| (၂) | အရေးယူခံရမှု နှစ်ခုဖြစ်ပါက ဒဏ်ကြေးငွေ | ၂၅၀,၀၀၀ ကျပ် |
| (၃) | အရေးယူခံရမှု နှစ်ခုထက်ပိုပါက ဒဏ်ကြေးငွေ | ၃၀၀,၀၀၀ ကျပ် |

၃၅။ ကုန်သွယ်ရေးဦးစီးဌာနသည် အပိုဒ် ၃၄ ပါ လျှောက်ထားမှုများ စိစစ်၍ အချက်အလက် အထောက်အထား မှန်ကန်ပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/လုပ်ငန်းမှတ်ပုံတင်အား ပြန်လည် ခွင့်ပြုရမည်။

**အထွေထွေ**

၃၆။ ထုတ်ကုန်သွင်းကုန်ကြီးကြပ်မှု (ယာယီအက်ဥပဒေ) ၁၉၄၇ အရ ထုတ်ပြန်သော တင်သွင်းသူနှင့် တင်ပို့သူများ မှတ်ပုံတင်ခြင်းအမိန့် (၄၂/၁၉၅၄) (The Registration (Imports and Exports) Order 1954) နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၉-၈-၂၀၁၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၆/၂၀၁၈) တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

အောင်နိုင်ဦး

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၂ / ၂ - ၃၇ / ၂၀၂၃ ( ၁၆ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

မင်းမင်း
အမြဲတမ်းအတွင်းဝန်

C:\Users\kyawhninwai\Desktop\Final Notification after EC 6-2023.docx